# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 24, 2019 Volume 15, Number 16


| ၂၄.၁.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၅/ကျပ် |
| CBM Rate | = ၁၅၃၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၁.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၉.၇ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၆.၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၄၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၉၉ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၂၆ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၁.၅၃ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၀၁ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျောတင်ပို့ မှုကြောင့် ကုန်သွယ်မှုပိုငွေရရှိလာ



ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျောတင်ပို့မှုကြောင့် ကုန်သွယ်မှုပိုငွေ ပိုမိုရရှိလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်တို့မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်သျှူးငှက်ပျောကို အများဆုံးတင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ်များဖြစ်သည့် ကူမင်း၊ ပေကျင်း၊ ကွမ်တုံ၊ သုံးပိတ်၊ ဟိန်းလုံကျန်၊ ရှီအန်၊ စွေကျုံး၊ ဝုဟန်၊ ထုံချင်း၊ ကျိန်ကျုံး စသည့် ပြည်နယ်များသို့ ရောက်ရှိကြောင်းသိရသည်။

တရုတ်ရဲ့ ငှက်ပျောလိုအပ်ချက်ကြောင့် ဒီဘက်အထိ ယာခင်းတွေငှားပြီး လာစိုက်ကြတယ်။ တရုတ်အစိုးရက အခွန်အခသက်သာသလို ဘိန်းအစားထိုးသီးနှံလည်းဖြစ်တယ်။ ဒါပေမယ့် နောက်ဆက်တွဲက မြေဆီလွှာပျက်စီးတာတွေရှိတာကြောင့် ဒေသခံတွေ ကန့်ကွက်လာတာလည်းရှိတယ်။ ဒါပေမယ့် မြေငှားစရိတ်က နှစ်စဉ်တိုးပြီး ပေးနေတာကြောင့် ယာမြေတွေအငှားချကြတာဟု မြစ်ကြီးနားရှိ တစ်သျှူးငှက်ပျောကုန်သည် ဦးရန်ဂျာဆိုင်းကပြောသည်။

လက်ရှိ ကချင်ပြည်နယ်အတွင်း တစ်သျှူးငှက်ပျော ဧက ၆၀,၀၀၀ ကျော် စိုက်ပျိုးထားပြီး မြစ်ကြီးနားမြို့နယ် တွင် ဧက ၁၀,၀၀၀ ကျော် ၊ ဝိုင်းမော်မြို့နယ်တွင် ဧက ၃၀,၀၀၀ ကျော်နှင့် ပြည်နယ်အတွင်းရှိ အခြားဒေသများတွင် ဧက ၂၀,၀၀၀ ဝန်းကျင် စိုက်ပျိုးထားပြီး မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့တွင် ငှက်ပျောစိုက်ပျိုးတင်ပို့နေသည့် ကုမ္ပဏီပေါင်း ၂၀ ကျော်ရှိကြောင်းသိရသည်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်သျှူးငှက်ပျောတင်ပို့မှုမှ ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကောက်ခံရရှိမှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁,၄၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း၂,၁၀၀ ကျော် ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာအထိ ကျပ်

သန်းပေါင်း ၃,၀၀၀ ကျော် ကောက်ခံရရှိခဲ့ကြောင်း သိရသည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကန်ပိုက်တီနယ်စပ်စခန်းမှ တစ်သျှူးငှက်ပျောတန်ချိန် ၈၀,၀၀၀ ကျော် တင်ပို့မှုမှ၊ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၇၀,၀၀၀ ကျော် တင်ပို့မှုမှ၊ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅ သန်းကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ၂၆၀,၀၀၀ ကျော် တင်ပို့မှုမှ၊ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၃ သန်းကျော် အသီးသီးရရှိခဲ့ကြောင်းသိရသည်။ တစ်သျှူးငှက်ပျောပင်များကို ဧပြီလတွင်စတင်စိုက်ပျိုးကြပြီး နောက်တစ်နှစ် ဇူလိုင်လခန့်တွင် စတင်ထွက်ရှိကာ တစ်ဧကလျှင် တစ်သျှူးငှက်ပျော ၁၃ တန်မှ ၁၄ တန်ထိ ထွက်ရှိကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5780

## ရခိုင်ပြည်နယ် ပင်လယ်ရေခူ ဖမ်းဆီးထုတ်လုပ်ရောင်းချခြင်း တရုတ်ဝယ်ယူမှုရပ်ဆိုင်း၍ လုပ်ငန်းများကျဆင်းနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်၌ ပင်လယ်ရေခူဖမ်းဆီးရမိမှုနည်းပါးလာခြင်းနှင့် တရုတ်နိုင်ငံမှ ဝယ်ယူမှုရပ်ဆိုင်းနေခြင်းတို့ကြောင့် ရခိုင်ပြည်နယ်တွင် ပင်လယ်ရေခူဖမ်းဆီးရောင်းချခြင်းလုပ်ငန်းများ ကျဆင်းသွားကြောင်း ဒေသတွင်းရေလုပ်ငန်းရှင်များထံမှသိရသည်။ ရခိုင်ကမ်းရိုးတန်းတွင် ဧပြီလမှဇူလိုင်လအထိ ပင်လယ်တွင်းရေငန် ပါဝင်မှုနှုန်း မြင့်မားလေ့ရှိသဖြင့် ပင်လယ်ရေခူပေါ်ချိန်ဖြစ်ကာ ရေခူများအားဖမ်းယူ၍ ကျောက်ချဉ်၊ ဆားစသည်တို့ဖြင့် ၁၀ ပေခန့်ရှိကန်များတွင်ထည့်စိမ်ပြီး အဆင့်ဆင့်ပြုလုပ်သန့်ရှင်းကာ စားသုံးကြခြင်းဖြစ်သည်။

၁၉၈၃ ခုနှစ်ကတည်းက ကျွန်တော်တို့ ရေခူလုပ်ငန်းကိုစလုပ်ခဲ့ကြတယ်။ တစ်ရက်ကို ရေခူကောင်ရေ ၅၀၀၀၀ အထိ ထုတ်လုပ်ခဲ့တယ်။ တရုတ်နိုင်ငံက အဓိကဝယ်ယူခဲ့ပြီး ဈေးကောင်းလည်းရခဲ့တယ်။ နောက်ပိုင်းမှာ တရုတ်တွေက ကျွန်တော်တို့ဆီက ထုတ်လုပ်လိုက်တဲ့ ရေခူတွေကို အရည်အသွေးမမီလို့ဆိုပြီးဈေးနှိမ်ကြတယ်။ ရေခူလုပ်ငန်းရှင်အားလုံး သောက်သောက်လဲရှုံးခဲ့ကြတယ်။ တချို့လုပ်ငန်းရှင်တွေ ဘဝပျက်ကုန်တယ်။ ရေခူထုတ်လုပ်ရတာက ငွေသိန်းရာချီ ရင်းနှီးမြှုပ်နှံပြီးမှ စွန့်စားလုပ်ဆောင်ကြရတာပါ။ လွန်ခဲ့တဲ့ ခုနစ်နှစ်ကနေစလို့ ရေခူလုပ်ငန်းလုပ်ကိုင်တဲ့သူနည်းလာတယ်။ ထုတ်လုပ်မှုလည်း လုံးဝကျဆင်းသွားတယ်ဟု စစ်တွေမြို့မှ ရေလုပ်ငန်းရှင် ဦးလှစောဖြူက ပြောဆိုသည်။


ရခိုင်ကမ်းရိုးတန်းတွင် ပင်လယ်ရေခူဖမ်းဆီးရရှိနိုင်မှုမှာ ပင်လယ်တွင်းရေပူစီးကြောင်းနှင့် ရာသီဥတုအပြောင်းအလဲအပေါ်မူတည်နေပြီး ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တော၊ တောင်ကုတ်၊ သံတွဲ၊ ဂွ စသည့်မြို့နယ်များတွင် ရေခူဖမ်းဆီးရောင်းချခြင်းလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြသည်။ ပင်လယ်မှာ ရေခူတွေတွေ့ရတာနည်းလာတယ်။ ဟိုတုန်းကလို စီးပွားဖြစ်ရေခူဖမ်းဆီးထုတ်လုပ်မှုကလုံးဝမရှိတော့ဘူး။ ဒေသဈေးကွက်အတွက်ပဲ နည်းနည်းဖမ်းကြတော့တယ်။ အခု ရေခူကို အလုံးအရင်းနဲ့ဝယ်မယ့်သူမရှိတော့သလို ရောင်းမယ့်သူလည်းသိပ်မရှိတော့ဟု မြေပုံမြို့နယ်မှ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ဝင်းကရှင်းပြသည်။

ရခိုင်ပြည်နယ်၌ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်အထိ ရေခူဖမ်းဆီးရောင်းချသည့် လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ဒေသတွင်းစားသုံးရန်၊ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ စားသုံးရန်သာ ဖမ်းဆီးတင်ပို့ရောင်းချနေကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/119799.html

## ငါးရှဥ့်မွေးမြူရေးလုပ်ငန်း အကျိုးတူလုပ်ကိုင်ရန် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များလာရောက်ဆွေးနွေး

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးရှဥ့်မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူလုပ်ကိုင်ရန်အတွက် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များက ယခုလပထမပတ်အတွင်းက လာရောက်ဆွေးနွေးခဲ့ကြောင်း ငါးရှဥ့်လုပ်ငန်းရှင် ဦးမြတ်ဆွေက



ပြောသည်။ ယခုလ ပထမပတ်အတွင်းက တရုတ်လုပ်ငန်းရှင် ၁၅ ဦးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးရှဥ့်မွေးမြူ ရေးလုပ်ငန်းရှင်အချို့နှင့် မန္တလေးမြို့ ငါးရှဥ့်ဈေးကွက်အခြေအနေနှင့် ငါးရှဥ့်မွေးမြူရေးလုပ်ငန်း အဆင့်ဆင့်ကိုလေ့လာဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ငါးရှဥ့်လုပ်ငန်းကို သူတို့က အကျိုးတူပူးပေါင်းလုပ်ဆောင်ချင်တဲ့ သဘောရှိနေပြီး၊ မန္တလေးတိုင်းက အပူပိုင်းဒေသဖြစ်နေပေမယ့် သူတို့ရဲ့နည်းပညာနဲ့ လုပ်မယ်လို့ သိထားကြောင်း ဦးမြတ်ဆွေကပြောသည်။

တရုတ်လုပ်ငန်းရှင်များမှ မန္တလေးတိုင်းအတွင်းရှိ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက ရရှိလာမည့် လုပ်ငန်းအကျိုးအမြတ်ငွေကို ၅၀ ရာခိုင်နှုန်းဆီ ခွဲဝေမည်ဖြစ်ကြောင်း ကနဦးသိရသည်။
သို့သော် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ငါးရှဉ့်လုပ်ငန်းရှင်များမှ ရရှိလာမည့် အကျိုးအမြတ်ကို ၅၀ ရာခိုင်နှုန်းအစား၊ တရုတ်လုပ်ငန်းရှင်များအား ၃၀ ရာခိုင်နှုန်းသာ ခွဲဝေပေးလိုကြောင်း လုပ်ငန်းရှင်များဆိုသည်။
တရုတ်နိုင်ငံမှ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်များသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်မှစတင်ကာ ရန်ကုန်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူလုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။
Source: http://www.amiamyanmar.com/detail.aspx?id=5779

## မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေမှ ကန်ဒေါ်လာ ၇ ဒသမ ၃ သန်းကျော် မြန်မာထပ်မံရရှိမည့် စီမံကိန်း ၁၉ ခု အကောင်အထည်ဖော်ဟုဆို



မြန်မာနိုင်ငံ၌ စီမံကိန်း ၁၉ ခု အကောင်အထည်ဖော်ရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ဒုတိယအကြိမ်ပေးအပ်ရန် လွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ပြုလုပ်သည်။
တရုတ်နိုင်ငံသည် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာနိုင်ငံ၏စီမံကိန်း ၁၉ ခု အတွက် ကန်ဒေါ်လာ ၇ ဒသမ ၃ သန်းကျော် လွှဲပြောင်းပေးအပ်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ပညာရေး၊ သုတေသန၊ လူမှုဖူလုံရေးဆိုင်ရာကဏ္ဍများတွင် အကောင်အထည်ဖော်သုံးစွဲမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်သည်။
အဆိုပါရန်ပုံငွေလွှဲပြောင်း လက်ခံလွှာကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က ယမန်နေ့တွင် လက်မှတ်ရေးထိုးပြီး စီမံကိန်းအကောင် အထည်ဖော်မည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်သည်။
၂၀၁၇ ဒီဇင်ဘာတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တာ့လီမြို့၌ ကျင်းပသော တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံ၌ ပထမအကြိမ် အကောင်အထည်ဖော်မည့် စီမံကိန်း ၁၀ ခုအတွက် ကန်ဒေါ်လာ ၂ ဒသမ ၄ သန်းရရှိခဲ့သည်။
ထိုစဉ်က စီမံကိန်း ၁၀ ခုတွင် ပြည်ထဲရေးဝန်ကြီးဌာန စီမံကိန်းတစ်ခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စီမံကိန်းနှစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းငါးခု၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန စီမံကိန်းတစ်ခု၊ ပညာရေးဝန်ကြီးဌာနအတွက် စီမံကိန်းတစ်ခုပါဝင်သည်။ ယခုဒုတိယအကြိမ် အထူးရန်ပုံငွေကို အစိုးရဝန်ကြီးဌာနရှစ်ခုက အကောင်အထည်ဖော်မည်ဖြစ်သော်လည်း မည်သည့်ဝန်ကြီးဌာနက စီမံကိန်းဘယ်နခု အကောင်အထည်ဖော်မည်ကို ကြေညာခြင်းမရှိပေ။
မဲခေါင်နိုင်ငံများ၏အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကို ၂၀၁၇ တွင် တရုတ်နိုင်ငံက ကန်ဒေါ်လာသန်း ၃၀၀ မတည်ခဲ့သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သည် ၂၀၁၄ တွင် မြန်မာနိုင်ငံ၌ ကျင်းပသော (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီး အစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် မစ္စတာလီကီကျန်းက စတင်အဆိုပြုပြီး မဲခေါင်ဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင် ရွက်ရန် ၂၀၁၆ တွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။
Source: http://www.7daydaily.com/story/148240

## စက်ဘီးအင်္ဂါရပ်နှင့်ပြည့်စုံပြီး အသင့်သုံးနိုင်သည့် တစ်ပတ်ရစ်စက်ဘီးများသာ တင်သွင်းရန်ထုတ်ပြန်

ပြည်ပမှအသုံးပြုပြီး စက်ဘီးများကို ဆက်လက်တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး စက်ဘီးအင်္ဂါရပ်နှင့်ပြည့်စုံ၍ အသင့်အသုံးပြုနိုင်သည့်စက်ဘီးများသာ တင်သွင်းရမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်သည်။



ပြည်တွင်းရှိ အခြေခံလူတန်းစားများ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော ပြည်ပထုတ်စက်ဘီးများ စီးနင်းနိုင်ရေး ၂၀၁၃ က စတင်တင်သွင်းခွင့်ပြုခဲ့သည်။ တင်သွင်းရာတွင် ပြည်တွင်း၌အသုံးပြုမရသော စက်ဘီးပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် အသုံးပြု၍ရသည့် စက်ဘီးအင်္ဂါရပ်နှင့် ကိုက်ညီသော စက်ဘီးများသာ တင်သွင်းရမည်ဟု ကန့်သတ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် စက်ဘီးတင်သွင်းရာ၌ အစီးရေ ၅၀၀ ပါသည့် ကွန်တိန်နာတစ်လုံးကို ကျပ် ၁၅ သိန်းကျော်ပေးရသည်။

စက်ဘီးအဟောင်းများသည် ဈေးကွက်တွင် ကျပ်ငါးသောင်းမှ နှစ်သိန်းကြားရှိပြီး စက်ဘီးအသစ်များသည် ကျပ်ငါးသိန်းမှခြောက်သိန်းကြားရှိသည်။ အဓိကစက်ဘီးဈေးကွက်မှာ ရန်ကုန်ဖြစ်ပြီး မြဝတီနယ်စပ်မှအများဆုံးတင်သွင်းသည်။

ပြည်တွင်း စက်ဘီးဈေးကွက်၌ ဂျပန်၊ တရုတ်နှင့်ထိုင်းမှတင်သွင်းသည့် စက်ဘီးများရှိပြီး ဂျပန်နိုင်ငံမှတင်သွင်းသည့် တစ်ပတ်ရစ်စက်ဘီးသည် ပိုမိုရောင်းချရလေ့ရှိသည်ဟု တောင်ဥက္ကလာပမှ စက်ဘီးအဟောင်းဆိုင်ပိုင်ရှင် ဦးကျော်မျိုးက ပြောကြားသည်။

**Source:** http://www.7daydaily.com/story/148252

## ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းတွင် ကွန်တိန်နာဖြင့် သယ်ယူပို့ဆောင်နိုင်မည့် မြစ်ငယ်ကုန်းတွင်းဆိပ် (Dry Port) ကို စတင်ဖွင့်လှစ်



ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းတွင် ကွန်တိန်နာဖြင့် သယ်ယူပို့ဆောင်နိုင်မည့် မြစ်ငယ်ကုန်းတွင်းဆိပ် (Dry Port) ကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ မီးရထားစက်ခေါင်းရုံအနီးရှိ ကုန်းတွင်းဆိပ်စီမံကိန်းမှာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် ကုန်စည်များအား ကွန်တိန်နာများဖြင့် သယ်ယူပို့ဆောင်နိုင်ရန်အတွက် မြန်မာ့မီးရထားနှင့် ပုဂ္ဂလိက ပြည်တွင်းပြည်ပကုမ္ပဏီများပူးပေါင်းကာ ၂၀၁၇ ခုနှစ် ဇွန်လအတွင်းစတင်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည် ။

၂၀၁၈ နိုဝင်ဘာတုန်းက ရန်ကုန် ရွာသာကြီးမှာ KM logistics နဲ RS logistics ကုမ္ပဏီတွေရဲ့ Dry Port ကို ဖွင့်လှစ်လည်ပတ်ခဲ့ပြီး အခုမန္တလေးမြစ်ငယ်မှာ KM logistics ကို ဖွင့်လှစ်တာပါ ။ ဒီလို Dry Port တွေဖြစ်လာတဲ့အခါ ပြည်တွင်းမှာ ကုန်ဈေးနှုန်းတွေကျဖို့ဆိုရင် သင်္ဘောရယ်၊ ကားရယ်၊ မီးရထားရယ် အားလုံးချိတ်ဆက်ဆောင်ရွက်နိုင်ရမှာဖြစ်ပါတယ်။ ဒီလိုကွန်တိန်နာတွေ ပြေးဆွဲနိုင်ဖို့ ကျွန်တော်တို့ဆီမှာ နှစ် ၃၀ လောက်နောက်ကျခဲ့တယ်။ အခု ဒီ Dry Port ကနေ ၂၀၁၇ ဩဂုတ်မှာ ကွန်တိန်နာ ၁၁ တွဲပါတဲ့ ရထားစတင်ပြေးဆွဲပေးနိုင်ခဲ့ပြီး လက်ရှိမှာအသွားအပြန်ခေါက်ရေ ၁၀၃ ခေါက် ပြေးဆွဲခဲ့ပြီးပါပြီ။ ဒီလိုကုန်သေတ္တာရထားတွေကို လူစီးရထားတွေနဲ့ လွတ်ကင်းတဲ့အချိန်တွေမှာ ၂၄ နာရီ ပြေးဆွဲပေးသွားဖို့ စီစဉ်ထားပါတယ်” ဟု မြန်မာ့မီးရထားစီးပွားရေးဌာန အထွေထွေမန်နေဂျာ ဦးအောင်မြင့်လှိုင်က ပြောကြားသည်။

KM terminal logistics အနေနဲ့ အဓိကရည်ရွယ်တာကတော့ အထက်မြန်မာပြည်ရဲ့ကုန်စည်တွေကို one stop service နဲ့ သင်္ဘောတင်နိုင်ဖို့ဆောင်ရွက်မှာဖြစ်ကြောင်း၊ နိုင်ငံခြားကလာတဲ့ပစ္စည်းတွေကို မန္တလေးမှာတိုက်ရိုက်ထုတ်ယူနိုင်ဖို့လည်း ရည်ရွယ်ပါတယ်။ ဒီမှာကုန်ပစ္စည်းအပ်တာနဲ့ အလိုအလျောက်အာမခံရရှိမှာဖြစ်ပြီး လမ်းခရီးမှာ

ပျောက်ဆုံးပျက်စီးတာမျိုးဖြစ်ခဲ့ရင် ကုမ္ပဏီကပေးလျော်မှာဖြစ်ပါတယ်။ နောက်ပြီး သင်္ဘောတင်ဖို့နောက်ကျတာမျိုး အချိန်မမှီခဲ့ရင် အာမခံကပေးလျော်ဖို့ရှိပါတယ်။ ဒါကကုန်စည်ပို့ဆောင်ရေးမှာ ကျွန်တော်တို့ရဲ့ အားသာချက်ဖြစ်ပါတယ်။ နှုန်းထားတွေအနေနဲ့ နိုင်ငံတကာလို တစ်သမတ်တည်းသတ်မှတ်ထားလို့မရဘဲ ဒီဇယ်ဆီဈေးအတက်အကျနဲ့ အခြားကုန်ကျစရိတ်တွေ မူတည်ပြီးပြောင်းလဲရကြောင်း KM Terminal & Logistics ကုမ္ပဏီမှ မြန်မာပြည်အထွေထွေမန်နေဂျာ ဦးညီထွဋ်ကပြောကြားသည်။
အဆိုပါ ကုန်းတွင်းဆိပ်ကို မြန်မာ့မီးရထားပိုင်မြေ ၇၅ ဧကကျော်တွင် ပြည်တွင်းကုမ္ပဏီတစ်ခုနှင့် ပြည်ပကုမ္ပဏီတစ်ခုမှ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကာ Dry Port တွင် အကောက်ခွန်နှင့်စစ်ဆေးရေး၊ ဘဏ်များ၊ အာမခံလုပ်ငန်းများပါဝင်ထားရှိပြီး one stop service ဖြင့် တင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။
**Source:** https://news-eleven.com/article/74443

## ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရန်နှင့် တင်သွင်းရန်အတွက် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် သင်္ဘောတစ်စင်း၏ ကုန်ကျစရိတ်သည် အာဆီယံနိုင်ငံများတွင် အမြင့်ဆုံးဖြစ်နေဟုဆို

ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရန်နှင့် တင်သွင်းရန်အတွက် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် သင်္ဘောတစ်စင်း၏ ကုန်ကျစရိတ်သည် အာဆီယံနိုင်ငံများတွင် အမြင့်ဆုံးဖြစ်နေကြောင်း လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက ထောက်ပြပြောဆိုသည်။ ရန်ကုန်ဆိပ်ကမ်း သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေ၍ ပို့ကုန်မြှင့်တင်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ သွင်းကုန်များဈေးကြီးမြင့်စေခြင်းတို့ ကြုံတွေ့နေရသဖြင့် သင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်လျှော့ချပေးရန် အစီအစဉ် ရှိမရှိနှင့်စပ်လျဉ်းပြီး နေပြည်တော်၌ ဇန်နဝါရီ ၂၃ ရက်ကပြုလုပ်သော ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဦးအောင်ကျော်ကျော်ဦးက မေးခွန်းမေးမြန်းရာ၌ အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။
ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့ရန်အတွက်လည်းကောင်း ပြည်ပမှကုန်ပစ္စည်းများ တင်သွင်းရန်အတွက်လည်းကောင်း ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်လာတဲ့ သင်္ဘောတစ်စီးရဲ့ ကုန်ကျစရိတ်ဟာ အာဆီယံနိုင်ငံများထဲမှာ အမြင့်ဆုံးဖြစ်နေတာကြောင့် ပို့ကုန်များတင်ပို့ရာမှာ အခက်အခဲများဖြစ်ပေါ်နေပါတယ်။ သွင်းကုန်များလည်း ဈေးနှုန်းများမြင့်စေပါတယ်။ တန်ချိန်နှစ်သောင်းရှိတဲ့ သင်္ဘောတစ်စင်းဟာ ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်မည်ဆိုပါက ကုန်ကျစရိတ်ဟာ အမေရိကန် ဒေါ်လာ ၁၄၅၀၀၀ ခန့် ကုန်ကျပြီးတော့ ထိုင်း၊ ဗီယက်နမ်တို့ထက် နှစ်ဆကျော်များပြားနေတယ်လို့ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်ကထုတ်ပြန်တဲ့ စစ်တမ်းတစ်ခုမှာဖော်ပြထား ဦးအောင်ကျော်ကျော်ဦးက ပြောကြားသည်။ တန်ချိန်နှစ်သောင်း သင်္ဘောတစ်စင်းဆိပ်ကမ်းဆိုက်ကပ်မှု ကုန်ကျစရိတ်သည် ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၆၅၀၀၀၊ ဗီယက်နမ်တွင် ၆၀၀၀၀ ရှိကြောင်းတွေ့ရှိရပြီး ဆိပ်ကမ်းကုန်ကျစရိတ်များပြားမှုကြောင့် မြန်မာနိုင်ငံမှဆန်ဝယ်ယူသူများသည် ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်တို့မှဝယ်ယူရန် အဆင်မပြေတော့မှသာ မြန်မာနိုင်ငံကဝယ်ယူရန်စဉ်းစားသည်ဟုဆိုကြောင်း ၎င်းကပြောကြားသည်။
ထို့ပြင် သယ်ယူပို့ဆောင်စရိတ် Logistic Cost မြင့်မားသဖြင့် မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များနှင့် အခြားထုတ်ကုန်များ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရောင်းချရာတွင်အားနည်းစေပြီး ရန်ကုန်ဆိပ်ကမ်းသည် ဆိပ်ကမ်း စရိတ်ကြီးမြင့်သည့်အပြင် နိုင်ငံတကာသင်္ဘောကြီးများဆိုက်ကပ်ရန် အဆင်မပြေခြင်းက သွင်းကုန်များကိုလည်း ဈေးနှုန်းမြင့်မားစေကြောင်း မေးခွန်းရှင်ကပြောကြားသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်မျိုးက ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် လေ့လာပြုစုထားသည့် အစီရင်ခံစာပါ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းအာဆီယံနိုင်ငံမြစ်ဆိပ်ကမ်း၌ကောက်ခံသောအခွန်အခနှုန်းထားများနှိုင်းယှဉ်ချက်အရ တန်ချိန် ၂၆၀၀၀ ရှိ သင်္ဘောတစ်စင်းအတွက် ဆိပ်ကမ်းဆိုက်ကပ်မှု စုစုပေါင်းကုန်ကျစရိတ်မှာ ရန်ကုန်ဆိပ်ကမ်းတွင် အမေရိကန် ဒေါ်လာ ၁၈၅၉၀ ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းတွင် ဒေါ်လာ ၁၅၀၀၀ ကျော်၊ ကမ္ဘောဒီယားနိုင်ငံဆိပ်ကမ်းတွင် ဒေါ်လာ၂၇၀၀၀ ကျော် ထိုင်းနိုင်ငံ ဘန်ကောက်ဆိပ်ကမ်းတွင် ဒေါ်လာ ၁၅၀၀၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံဆိပ်ကမ်းတွင် ဒေါ်လာ ၁၇၀၀၀ ကျော် အသီးသီးဖြစ်ကြောင်း တင်ပြထားခြင်းကြောင့် ရန်ကုန်ဆိပ်ကမ်း၏ ဆိပ်ကမ်းကုန်ကျစရိတ်သည် ဒေသတွင်းဆိပ်ကမ်းများနှင့် အလွန်အမင်းကွာဟမှုမရှိကြောင်း တွေ့ရှိရသည်ဟု ပြောကြားသည်။
**Source:** https://news-eleven.com/node/47287

## STOCK EXCHANGE (24.1.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Jan. 2019

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 1,156 | 10,172,800 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 4,639 | 13,355,600 | 38,929,150 | 110,948 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 211 | 1,540,300 | 10,400,986 | 75,927 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,500 | 22,500 | 22,000 | 656 | 14,473,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 259 | 712,250 | 12,212,906 | 33,585 |

#### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.08 | +1.07 | +0.29% | 376.44 | 376.44 | 376.08 | 6,921 | 40,253,950 | 5 | 513,437 |

#### Index chart





## Market Overview

As of 1:00 pm, 24th Jan. 2019

| MYANPIX | 376.08 ▲ 1.07 |
|---|---|
| Total Volume (shares) | 6,921 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 513,437 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,750 | ▲ 50 |